“ခရီးသွားခြင်း”

# ကမ္ဘာ့တဝှမ်းစမ်းသုံးသူများသည် “ဖုန်းတစ်လုံးဖြင့်ယူနန်လည်ပတ်ခြင်း” App ကို ချီးကျူးပေး

ယူနန်သားများသည် “ဇာတိမြေကိုချစ်ကြသူများဖြစ်သည်”ဟု ပြောလေ့ရှိကြသည်။ ယူနန်တွင်နေထိုင်နေလျှင် မည်သည့်နေရာကိုမျှမသွားချင်တော့ပါ။ ယူနန်သားများက ယူနန်သည် “နေထိုင်လို့ကောင်းတယ်”ဟု ပြောကြသည်။ အဆိုပါစကားလုံးထဲတွင် နေထိုင်ရာမှာ သက်တောင့်သက်သာရှိခြင်း၊ လွတ်လပ်ခြင်း၊ ပြီးပြည့်စုံမှုရှိခြင်းဟူသော အဓိပ္ပာယ်များအားလုံး အကျုံးဝင်ပါဝင်သက်ရောက်ပါသည်။ ယခုလက်ရှိတွင် “ကမ္ဘာ့တဝှမ်းစမ်းသုံးသူများ” ဟု ခေါ်ဝေါ်ခြင်းခံရသော မိတ်ဆွေများသည် “ဖုန်းတစ်လုံးဖြင့် ယူနန်လည်ပတ်ခြင်း” စမ်းစစ်အသုံးပြုခြင်းအစီအစဉ်တွင် ပါဝင်လာကြပြီး ယူနန်သည်အလွန်နေထိုင်၍ကောင်းသောနေရာဖြစ်ကြောင်း ခံစားမိပါသည်။




လတ်တလောရက်ပိုင်းအချိန်တွင် “ဖုန်းတစ်လုံးဖြင့် ယူနန်လည်ပတ်ခြင်း” ကမ္ဘာတဝှမ်းမှ စမ်းစစ်အသုံးပြုသူများ စမ်းသုံးခြင်းအစီအစဉ် အောင်မြင်စွာပြီးဆုံးသွားပါသည်။ သီတင်းနှစ်ပတ်ကြာအချိန်ကာလအတွင်းတွင် ကမ္ဘာတဝှမ်းနိုင်ငံဒေသ(၅၀)ကျော်မှ ရောက်ရှိလာကြသော စမ်းစစ်အသုံးပြုသူများသည်(၅)ဖွဲ့ခွဲပြီးတာ့လီ၊ လီကျမ်း၊ စစ်ဆောင်ပန်းနား၊ ဇူအော်၊ ဟုန်ဟော်နှင့်ရှမ်ကော်ရီလာ၊ ထိန်ချုံ၊ မန်စီစသည့် ဒေသအသီးသီးသို့သွားရောက်ကာ “ချစ်ခြင်းမေတ္တာအမြဲစုပေါင်းခြင်း” မိဘနှင့်ကလေးခရီးစဉ်၊ “ယူနန်ရနံ့ပျံ့လွင့်ခြင်း” ဖိမ်ခံခရီးစဉ်၊ “Forever Young, Youth” ရုပ်ရှင်ခရီးစဉ်၊ “လောကီနှင့်ဝေးကွာသော ရှုခင်းလှပသည့်သုခမြေ” ဓာတ်ပုံရိုက်ခရီးစဉ်၊ “နိုင်ငံတော်နယ်နိမိတ်လမ်းပေါ် ခရီးသွားခြင်း” ခေါင်းစဉ်(၅)ခုဖြင့် ခရီးစဉ်များကို စမ်းစစ်အသုံးပြုခံစားစေပါသည်။ “ယူနန်သို့လည်ပတ်ခြင်း” APPကိုအသုံးပြုပြီး “ခေတ်မှီခရီးသွားခြင်း+ ရောင်စုံလှပတဲ့ယူနန်=နေထိုင်လို့ကောင်းတယ်” ခံစားချက်မျိုးစုံတို့ကို သတင်းထောက်အား ပြောကြားသွားပါသည်။

# ပျော်ရွှင်ခြင်း၊ ခွဲခွာမရခြင်း၊ အဆင်ပြေခြင်း

ကြွေထည်အနက်မီးဖုတ်ခြင်း၊ တီဗက်နွားကိုဓာတ်ပုံရိုက်ခြင်း၊ ထောပတ်ရေနွေးကြမ်းကိုထောင်းထုခြင်း. . . စသည်ဖြင့် စူချင်သည်ယူနန်တွင် ကလေးငယ်သဖွယ်ပျော်ရွှင်နေသည်။ ခရီးစဉ်တလျှောက်တွင်မျက်နှာကိုစကင်ဖတ်ပြီး ရှုခင်းသာအတွင်းဝင်ရောက်ခြင်း၊ ရှုခင်းသာအတွင်းအသံဖြင့် လမ်းညွှန်မှုများဆောင်ရွက်ပေးခြင်း စသည့်လုပ်ဆောင်မှုများကိုခံစားခဲ့သည်။ နောက်နောင်ယူနန်တွင်ခရီးသွားလိုပါက ချက်ချင်းထသွားခြင်းကို လုပ်ဆောင်နိုင်သည်ဟု သူမယူဆချက်ကို ပြောပြပါသည်။

ကျန်းမာသောကိုယ်ခန္ဓာ၊ သွက်လက်သောခြေလှမ်း၊ နွေးထွေးသောအပြုံး…… ယခုတလောအချိန်ကာလအတွင်းတွင် ကျင်ဖေပေါင်ကဦးစီးသူအဖြစ် လျှို့ဝှက်ဆန်းကျယ်သည့် နေရာပိုင်မာ-မာရသွန်လှုပ်ရှားမှုသို့ ပါဝင်ခဲ့သည်။ သူသည် နေ့စဉ်နေ့တိုင်းAPPကိုအသုံးပြုပြီးဆုံးမှတ်နှင့် လမ်းကြောင်းကိုစစ်ဆေးသည်။ လမ်းတလျှောက်တွင် စားဝတ်နေထိုင်ခြင်းဖျော်ဖြေခြင်းနှင့် အိမ်သာရှာခြင်းစသည့် လုပ်ဆောင်ချက်များမှာ အသုံးပြုပါသည်ဟု သတင်းထောက်ကို ပြောကြားသည်။ “ဒီမာရသွန်လှုပ်ရှားမှုထဲမှာ ယူနန်သို့လည်ပတ်ခြင်း APPကို တစ်ရက်မှခွဲခွာလို့မရပါ”ဟု သူကပြုံးပြီး ပြောပြနေသည်။

ဟူနန်သားလီယုပင်က ယူနန်တွင် ခရီးသွားလုပ်ငန်းလုပ်ဆောင်နေသည်မှာ(၁၅)နှစ်ကြာခဲ့ပြီဖြစ်သည်။ ခရီးသွားဧည့်သည်တော်များသည် ခရီးသွားလာခြင်းအပေါ် တောင်းဆိုချက်များပိုမိုများပြားလာသည်ကို ဖြည်းဖြည်းချင်း သတိပြုမိလာသည်။ စမတ်ခရီးသွားလာခြင်းနှင့် နေရာတကာခရီးသွားလာနိုင်ခြင်းခေတ်ကြီး ရောက်ရှိလာပြီဖြစ်သည်။ မေးခွန်းအားလုံးကို အဖြေပေးနိုင်သော APPရှိ၍ အလွန်အဆင်ပြေပါသည်။

# ဖွဲ့စည်းခြင်း၊ ခေါင်းဆောင်ခြင်း၊ တရင်းတနှီးဖြစ်ခြင်း

စမ်းစစ်အသုံးပြုသူများအဖွဲ့ထဲတွင် အကြံပြုအဖွဲ့တစ်ခုရှိသည်။ စီဖေဟွာ၊ လီဟိန်၊ ယူဝံကျယ်၊ ကျမ်ပေါ်၊ တင်တင်……စသည့် အဖွဲ့ဝင်များသည် ပါမောက္ခ၊ ဒေါက်တာများ၊ ပညာရှင်များဖြစ်ကာ ၎င်းတို့သည် ယူနန်သို့ခရီးသွားလာခြင်းအပေါ် နက်နဲစွာတွေးတောခြင်းများပြုလုပ်လာကြပါသည်။

“ယူနန်သို့လည်ပတ်ခြင်း” APP သည် နည်းပညာဝန်ဆောင်မှုပေးသော ပလက်ဖောင်းတစ်ခု ဖြစ်သည်သာမက ဒေတာများ၊ အချက်အလက်များပေါင်းစည်းထားသောပလက်ဖောင်း တစ်ခုလည်းဖြစ်ကြောင်း၊ အမြန်ရထားမှ လမ်းလျှောက်သည်အထိ ယူနန်တွင် လမ်းပန်းဆက်သွယ်ရေး မော်တော်ယာဉ်အမျိုးအစားများကိုပေါင်းစပ်ပေးနိုင်ပြီ၊ ခရီးသွားဧည့်သည်တော်များအတွက် ခရီးသွားရသကိုပိုမိုခံစားစေနိုင်ကြောင်း၊ ထို့အပြင် မျိုးစုံသောသုံးစွဲသူအုပ်စုအတွက် မတူညီသောခရီးစဉ်လမ်းကြောင်းများကိုစီမံပေးနိုင်သေးကြောင်း တရုတ်နိုင်ငံခရီးသွားလာရေး အကြံပြုအဖွဲ့အစည်းများမှ အတွင်းရေးမှူးစီဖေဟွာသည် ရောင်စုံလှပသောယူနန်၏စမတ်ခရီးသွားလာရေးအပေါ် ချီးကျူးမှုနှင့်မျှော်လင့်ချက်ကို ဖော်ပြခဲ့သည်။

ခရီးစဉ်စတင်သော ပထမတစ်ရက်ကစပြီး အဖွဲ့ဝင်အင်ဂျင်နီယာဒေါက်တာဘွဲ့ရယူဝံကျယ်သည် မျှော်လင့်ချက်များစွာထားခဲ့ပါသည်။ သူက“ယူနန်သို့လည်ပတ်ခြင်း”APPသည် အင်တာနက်+ခရီးသွား’လုပ်ငန်းစနစ်၏ ရှေ့ဆောင်လမ်းပြဖြစ်လာလိမ့်မည်ဟု ခံယူထားပါသည်။ ဖုန်းတစ်လုံးဖြင့်ခရီးသွားလာခြင်းနှင့်ပတ်သက်သော သတင်းအချက်အလက်၊ ဒေတာအားလုံးကို စုစည်းနိုင်ခြင်း၊ မကျေနပ်မှုများတိုင်ကြားနိုင်ခြင်းစနစ်ကိုတည်ထောင်ခြင်း၊ လုပ်ဆောင်မှုအခြေအနေကို လျင်မြန်စွာစမ်းစစ်နိုင်ခြင်း၊ ခြေရာခံပြီးလိုက်လံစမ်းစစ်နိုင်ခြင်းစသည်ဖြင့် ပိုမိုကောင်းမွန်စမတ်ကျသောဝန်ဆောင်မှုကို ပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပါသည်။

စမ်းစစ်အသုံးပြုသူများတွင်ကလေးနှစ်ဦးပါရှိသည်။ အသက်(၅)နှစ်အရွယ် ထျမ်ထျမ်နှင့်(၇)နှစ်အရွယ် ရှွင်ရှွေဟုန်ဖြစ်သည်။ သူတို့တတွေသည် တာ့လီ-လီကျမ်းမိဘနှင့်ကလေးခရီးစဉ်တွင် လတ်ဆတ်သောပန်းပွင့်ကိတ်မုန့်ပြုလုပ်ခြင်း၊ ပိတ်ဆေးဆိုးခြင်း၊ တံပါစကားလုံးရှုစားလေ့လာခြင်း၊ ရေနွေးကြမ်းသုံးမျိုးအရသာခံစားခြင်းစသည့်အစီအစဉ်များတွင် အားတက်တရော ပါဝင်ခဲ့ကြပါသည်။ ကလေးငယ်များသည် တချို့သောအသိပညာများကို သိပ်နားမလည်သော်လည်း မိဘများအနေနှင့် အဆိုပါခရီးစဉ်ကြောင့် ကလေးနှင့် ပိုမိုရင်းနှီးသွားစေသည်ဟု ခံစားကြရသည်။

# မျက်နှာစကင်ဖတ်ခြင်း၊ ပျားရည်ဆမ်းခရီးစဉ်၊ နောက်ထပ်တစ်ခေါက်ပြန်လာမည်

“တီး” တောင်အာဖရိကစမ်းစစ်သုံးသပ်သူ MC Maziya သည် “ယူနန်သို့လည်ပတ်ခြင်း” APPပေါ်တွင် ရှုခင်းသာလက်မှတ်ကိုဝယ်ယူကာ မိမိ၏အချက်အလက်များကို ထည့်သွင်းပြီးနောက် မျက်နှာစကင်ဖတ်ခြင်း၏ လွယ်ကူစွာအသုံးပြုပုံကိုခံစားလိုက်ရပြီး တစ်မိနစ်အချိန်ဖြင့် ဥယျာဉ်ထဲသို့ဝင်နိုင်သည်ကို လက်တွေ့အကောင် အထည်ဖော်ဆောင်နိုင်ခဲ့သည်။ နိုင်ငံတကာစမ်းစစ်အသုံးပြုသူတစ်ဦးအနေနှင့် MC Maziya သည် ယခင်ကမခံစားဖူးသော ခရီးသွားအတွေ့အကြုံကိုခံစားနေရပါသည်။ “နိုင်ငံခြားသားမျက်နှာကိုလည်း စကင်ဖတ်နိုင်တယ်နော်။ အရမ်းမိုက်ပါတယ်” ဟု သူကပြောခဲ့သည်။




ယူနန်လင်ချမ်းသားဖြစ်သော စမ်းစစ်အသုံးပြုသူကျုံရွှဲသည် အမေရိကန်တွင်ပညာသင်သွားဖူးသည်။ နိုင်ငံပေါင်း(၂၅)နိုင်ငံ၏ မြို့ပေါင်း(၂၀၅)မြို့သို့ သွားခဲ့ဖူးသည်။ ဝတိုင်းရင်းသားတစ်ဦးအနေနှင့် ယူနန်တိုင်းရင်းသားကျေးရွာသို့ရောက်ရှိလာပြီးနောက်တွင် သူသည် ဖုန်းကိုထုတ်ပြီး ဗီဒီယိုဖိုင်လ်ဖြင့် ဝတိုင်းရင်းသားမိတ်ဆက်ခြင်းအကြောင်းများကို လေ့လာကြည့်ပါတော့သည်။ တခဏတာအကြာတွင်သူသည် ဝတိုင်းရင်းသားကျေးရွာသို့ ရောက်ရှိလာပြီး “တိုင်းရင်းသားမျိုးနွယ်”များနှင့်အတူပျော်ပွဲရွှင်ပွဲဆင်နွှဲခဲ့ပါတော့သည်။

ဒီတသက် ယူနန်ကိုဘယ်နှစ်ကြိမ်ထပ်လာဦးမှာလည်း။ စမ်းစစ်အသုံးပြုသူစီချိန်ပင်က ယူနန်သို့(၂၃)ကြိမ်ရောက်ဖူးသည်။ သူသည်နောက်(၄၅၆)ကြိမ်လာဖို့အစီအစဉ်ရှိပါသည်။ စီချိန်ပင်သည် “ယူနန်သို့လည်ပတ်ခြင်း” APPတွင်ရှိသော “ခလုတ်တစ်ခုဖြင့် မကျေနပ်မှုများတိုင်ကြားခြင်း”လုပ်ဆောင်မှုကိုအကြိုက်နှစ်သက်ဆုံးဖြစ်သည်။ ခရီးသွားဧည့်သည်တော်များသည် မည်ကဲ့သို့သောပြဿနာနှင့်ကြုံရသည်ဖြစ်စေအွန်လိုင်း၊ စကားအသံဖြင့် သို့မဟုတ် ဖုန်းစသည့်နည်းလမ်း(၃)မျိုးဖြင့် မကျေနပ်မှုများကို အကြံပြုနိုင်သည်ကိုသိရှိသွားသောအခါ APPကို ချက်ချင်းဖွင့်ပြီး လေ့လာတော့သည်။ တိုင်ကြားချက်များတင်ပြပြီးနောက် သုံးသပ်ဖြေရှင်းပေးသည့်အခြေအနေကို အချိန်မရွေးစမ်းစစ်နိုင်ပြီး (၂၄)နာရီအတွင်း လုပ်ဆောင်မှုအဆုံးအကြောင်းကိုသိရှိနိုင်သည်။ ၎င်းအကြောင်းများကိုသိရှိပြီးနောက် သူလက်မထောင်ပြီးချီးမွမ်းပါတော့သည်။

သတင်းထောက်လီဟိန်ချမ်